## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
## နဝမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**

**(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၂၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၇.၆၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၂-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၂၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦးရှိပါတယ်။ ၎င်းတို့မှာ-

(၁) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်ခွင့် ၁ ရက်

(၂) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်

(၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်

(၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင် ၁ ရက်

(၅) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင် ၁ ရက်နှင့်

(၆) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်တို့ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ယူထားသူ ၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၁၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး ယနေ့ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမယ့် အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဒေါက်တာမောင်သင်း မိတ္ထီလာမဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့်ရေးသား လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ အဆိုမှာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမယ့် အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း လေးစားစွာ ဆန္ဒပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်၍ Power Point ဖြင့် တင်ပြခွင့် ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျွန်တော်တင်သွင်းမည့်အဆိုကတော့ ကမ္ဘာ့ ရာသီဥတုပြောင်းလဲလာခြင်းနှင့် အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအရေးကြီးအဆိုပဲ ဖြစ်ပါတယ်ခင်ဗျား။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် တဖြည်းဖြည်းမသိမသာပြောင်းလဲရာမှ နှစ်သန်းပေါင်းများစွာကြာသည့်အခါတွင် လုံးဝဥဿုံခြားနားသည့်ရာသီဥတုအခြေအနေသို့ ရောက်ရှိလာတဲ့ဖြစ်စဉ်ဖြစ်ကြောင်းကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ သို့သော် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် ယနေ့ကာလများတွင် ပြင်းထန်ဆိုးဝါးသည့်အခြေအနေကို ဖြစ်ပေါ်လာသည်ကို အားလုံး ထင်ရှားစွာ တွေ့မြင်လာရပြီးဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်သည် သက်ရှိဇီဝဖြစ်စဉ်များကြောင့်လည်းကောင်း၊ ကမ္ဘာ့မြေနှင့် ကမ္ဘာ့မြေလွှာချပ်ကြီးများပေါ်သို့ သက်ရောက်နေသည့် နေ၏အပူလှိုင်းများ ပြောင်းလဲလာမှုကြောင့်လည်းကောင်း၊ ကမ္ဘာ့မြေအောက်ရှိ ချော်ရည်များထွက်လာသည့် မီးတောင်ပေါက်ကွဲမှုများကြောင့်လည်းကောင်း ဖြစ်ပေါ်လာရသည်ဟု တွက်ဆကြပါတယ်။ ထို့အပြင် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်ကဲ့သို့သော လူသားတို့၏ဆောင်ရွက်မှုကြောင့်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ပိုမိုသိသာစေခဲ့ပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် မည်သည့်အကြောင်းကြောင့် ပြောင်းလဲသည်ဖြစ်စေ အနည်းဆုံးရာစုနှစ်ပေါင်းများစွာ မှတ်တမ်းတင်ရရှိလာသော ကိန်းဂဏန်းအရမျှပြောင်းလဲမှုကို ဆိုလိုတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိပြီးဖြစ်ပါတယ်။ အယ်လ်နီညိုကဲ့သို့ ဆယ်စုနှစ်မျှတိုတောင်းသောအချိန်ကာလအတွင်း ရာသီဥတုဖောက်လွဲဖောက်ပြန်ဖြစ်စဉ်မျိုးကို ရာသီဥတုပြောင်းလဲခြင်းဟုမဆိုနိုင်ပါ။ သို့သော် တစ်ခါတစ်ရံတွင် ရာသီဥတုပြောင်းလဲခြင်းကို လူသားတို့၏အပြုအမူကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်ခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာရခြင်းနှင့် ရောဂါ အဓိပ္ပာယ်ဖွင့်ဆိုတတ်ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၅၃ နှစ်မှတ်တမ်းများအရ မြန်မာနိုင်ငံသည် တစ်နှစ်လျှင် မိုးရွာသောရက် ပျမ်းမျှ ၁၄၅ ရက်ရှိခဲ့ပါသည်။ သို့သော် ၂၀၀၈ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ၌ မိုးရွာသောရက် ၁၂၂ ရက်သာ ကျန်ရှိပါတော့သည်။ သို့သော်လည်း ထူးခြားသည့်အချက်မှာ မြန်မာနိုင်ငံ၏ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မသည် လျော့နည်းမသွားခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ရက်တိုတိုနှင့် မိုးရေချိန်လက်မပြည့်မီအောင် မိုးရေချိန်များများ ရွာချလာခြင်းဖြစ်ပါသည်။ ၎င်းကဲ့သို့သောအခြေအနေနှင့် သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပြုန်းတီးမှုတို့ ပေါင်းစပ်လိုက်သောအခါတွင် ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းကြုံတွေ့ရသော ရေကြီးမှု၊ ရေလျှံမှု၊ မြေပြိုကျမှုများ ဖြစ်ပေါ်လာခဲ့ရပါသည်။ ထို့အပြင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ၏ဝင်ရိုးစွန်းပေါ်မှာ လည်ပတ်မှုပုံသဏ္ဌာန်သည်လည်း ပြောင်းလဲသွားရပါသည်။ ပြောင်းလဲလာရခြင်းအကြောင်းရင်းမှာ ကမ္ဘာကြီး ပူနွေးနေမှု

ကြောင့် ကမ္ဘာ့မြောက်ခြမ်းမှ ရေခဲလွှာများ အရည်ပျော်ကျလာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာရပါသည်။ ကမ္ဘာသည် အစဉ်အလာအရ မြောက်ဘက်ခြမ်းသည် အလေးချိန်ပိုများပြီး တောင်ဘက်ခြမ်းသည် အလေးချိန်ပေါ့ပါသည်။ သို့သော် ရေခဲတောင်များ အရည်ပျော်မှုကြောင့် တောင်ပိုင်း၌ရေအလေးချိန်များ များလာပြီး ကမ္ဘာ့ဝင်ရိုးစွန်း၏ရပ်တည်မှုကို အကျိုးသက်ရောက်စေခဲ့ပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများ၏အလိုအရ မြေငလျင်သည် လူတို့ပြုလုပ်ချက်ကြောင့်ဖြစ်ပေါ်လာရသည်ဟု ယူဆပါသည်။ ကမ္ဘာ့ရေအောက်မြေများ အများအပြားထုတ်လုပ်သုံးစွဲမှု၊ သဘာဝဓာတ်ငွေ့နှင့်ရေနံများ အများအပြားထုတ်လုပ်မှုတို့ကြောင့် ကမ္ဘာ့မြေအောက်အလွှာများ၏ရပ်တည်မှုပျက်ပြားကာ ပြတ်ရွေ့ကြောင်းများ များလာပြီး ယခင်ထက် မြေငလျင်ပိုလှုပ်သည်ဟု ယူဆလာကြပါသည်။ ကမ္ဘာ၏အလေးချိန် Balance ပျက်ပြားမှုသည်လည်း ကမ္ဘာ့ဝင်ရိုးအနေအထားကိုထိခိုက်လာပါသည်။ ယင်းသို့ ကမ္ဘာ့ဝင်ရိုးထိခိုက်မှုကြောင့် ရာသီဥတုအခြေအနေများ ပြောင်းလဲခြင်းကို ဖြစ်ပေါ်လာရပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာရခြင်း၏ အကြောင်းရင်းများတွင် တစ်ချက်မှာ ကမ္ဘာကြီးပိုမိုပူနွေးလာမှုကြောင့်ဖြစ်ပါသည်။ ကမ္ဘာကြီးပိုမိုပူနွေးလာရခြင်းအကြောင်းရင်းများနှင့် အကျိုးဆက်အနေဖြင့် ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့များပြားလာခြင်း၊ အိုဇုန်းလွှာပေါက်ပြဲမှုကျယ်ပြန့်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ နှစ်စဉ်ပျမ်းမျှအပူချိန်မြင့်တက်လာခြင်း၊ အာတိတ်ဒေသ၏ နှစ်စဉ်အပူချိန်မြင့်တက်လာမှုကြောင့် ရေခဲများပျော်ဝင်မှုနှုန်း များပြားလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်ပူနွေးလာမှုနှင့် အပူစုဆောင်းမှုများ များပြားလာခြင်း၊ သစ်တောပြုန်းတီးမှုနှင့် တောမီးလောင်ခြင်းစသည့်အချက်များကြောင့်ဖြစ်ပေါ်လာရပြီး အကျိုးဆက်အနေဖြင့် သက်ရှိများ၏ဂေဟစနစ်ပျက်ယွင်းခြင်း၊ ကုန်းတွင်းရေကန်ကြီးများ ခမ်းခြောက်ခြင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးလာခြင်း၊ မြေဆီလွှာပျက်ယွင်းခြင်းနှင့် စိုက်ပျိုးမြေရုတ်လျော့လာခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ များပြားလာခြင်း၊ အပူဒဏ်ကြောင့် သက်ရှိဇီဝများသေဆုံးမှုမြင့်မားလာခြင်းနှင့် ပျောက်ကွယ်ခြင်း၊ ပင်လယ်ရေစီးကြောင်းများ ပြောင်းလဲလာမှုကြောင့် အယ်လ်နီညိုနှင့် လာနီညာကဲ့သို့သော ရေပူနှင့်ရေအေးစီးကြောင်းများ ဖြစ်ပေါ်လာခြင်းတို့ဖြစ်ပါတယ်။ အယ်လ်နီညိုဆိုတာ ကမ္ဘာ့သမုဒ္ဒရာရေတွင်ပါဝင်သောရေပူစီးကြောင်း ဖြစ်တယ်ဆိုတာကို အားလုံးသိပြီးဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်များတွင် သိပ်သည်းမှုကွာခြားခြင်း၊ အပူအအေးကွာခြားခြင်း၊ ရေငန်မတူခြင်းတို့ကြောင့် ရေစီးကြောင်းများ

မူကြမ်း

ဖြစ်ပေါ်လာရပါတယ်။ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသော သမုဒ္ဒရာရေစီးကြောင်းများမှ အယ်လ်နီညို ရေစီးကြောင်းသည် ယင်း၏ကြီးမားသောအဖျက်စွမ်းအင်ကြောင့် တဖြည်းဖြည်း နာမည်ရလာပါ တယ်။ သဘာဝဖြစ်စဉ်မှကျော်လွန်၍ ထူးကဲစွာဖြစ်ပေါ်လာရသော ရေစီးကြောင်းများကို အယ်လ်နီညို ဟုခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ၎င်းဖြစ်ပေါ်သည့်နှစ်ကို အယ်လ်နီညိုနှစ်ဟု ခေါ်ဆိုတယ်ဆိုတာကို အားလုံး သိရှိပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အယ်လ်နီညိုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၆ ခုနှစ် နွေရာသီကာလ မတ်၊ ဧပြီ၊ မေ သုံးလအတွက် မိုးရေချိန်နှင့် အပူချိန်ခန့်မှန်းချက်များအရ မိုးရွာ သွန်းမှုအနေနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သော်လည်း ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ရွာသွန်းမြဲအောက်မိုးလျော့နည်းနိုင်ပါတယ်။ ရွာသွန်းမြဲအောက်လျော့နည်းမှု ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ သေချာသောဒေသများမှာ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်း ဒေသကြီးတို့ဖြစ်ပြီး ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ သေချာသည့်ဒေသများမှာ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသတို့ ဖြစ်ပြီး ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ သေချာသည့်ဒေသများမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ဖြစ် ကြပါတယ်။ အယ်လ်နီညိုကြောင့် နေ့စဉ်အပူချိန်များအနေဖြင့် တပြည်လုံးတွင် ပျမ်းမျှ ပုံမှန်အပူချိန် ထက်ပိုနိုင်ပါသည်။ ပုံမှန်အပူချိန်ထက် ပိုနိုင်မှု ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ သေချာသော ဒေသများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တို့ဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းနှင့် အထက်သေချာသည့်ဒေသများမှာ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင် ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ပဲဖြစ်ပါတယ်ခင်ဗျား။ အယ်လ်နီညို အကျိုး သက်ရောက်မှုဟာ ယခုနှစ် ဖေဖော်ဝါရီလမှာ အမြင့်ဆုံးဖြစ်ပြီး ဇွန်လကုန်ထိ ဆက်လက်တည်ရှိ နေဦးမှာ ဖြစ်ပါတယ်။ ယင်းအယ်လ်နီညိုအကျိုးဆက်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှု တွေကတော့ အယ်လ်နီညိုရာသီဥတုက အထူးသဖြင့် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုကို ဖြစ်ထွန်း

စေပါတယ်။ ဒါ့ကြောင့် မီးလောင်မှုကို အားပေးပါတယ်။ ယခုလည်း မြန်မာနိုင်ငံအနှံ့အပြားမှာ ပေါ့ဆမီးကြောင့် ဆက်တိုက်ဆိုသလို မီးလောင်မှုတွေဖြစ်ခဲ့တာတွေ့ရတာမို့ ပိုမိုပူပြင်းတဲ့ မတ်၊ ဧပြီ၊ မေ ကာလတွေမှာ မီးဘေးအန္တရာယ် ပိုမိုသတိထားရန်အထူးလိုအပ်ပါတယ်။ ယခုဆောင်းရာသီမကုန်သေးတဲ့ရက်ပိုင်းမှာ မြန်မာနိုင်ငံဟာ နေ့အပူချိန်ဟာ ၄၀ ဒီဂရီစင်တီဂရိတ်မှ ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာတဲ့အတွက် နွေရာသီအပူချိန်ပိုမိုမြင့်တက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် အပြင်မှာ သွားလာလုပ်ကိုင်ဝမ်းစာရှာနေကြတဲ့ သာမန်ပြည်သူများအတွက် အပူအန္တရာယ်ကို ခံစားကြရမှာ ဖြစ်ပါတယ်။ ထို့အတူ လယ်ယာလုပ်ငန်းခွင်ဝင်နေကြသူများနှင့် ယင်းတို့၏ကျွဲ၊ နွားများအဖို့ အပူအန္တရာယ်ကို အထူးသတိထားရန် လိုအပ်လှပါတယ်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ဧပြီလကုန် ထိ ပူပြင်းခြောက်သွေ့ကာလဖြစ်သဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် သောက်သုံးရေရှားပါးမှု၊ မီးအန္တရာယ်ကြုံတွေ့ရမှု ယင်းတို့နှင့်ဆက်စပ်တဲ့ ကျန်းမာရေးပြဿနာများ၊ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ကြုံတွေ့ရပြီး ဆိုးကျိုးများကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။

ထို့ကြောင့် မြန်မာနိုင်ငံအနေနှင့် ရာသီဥတုပြောင်းလဲမှုအတွက် ရေရှည်ကြိုတင်ကာကွယ်မှုများ ချမှတ်ထားရန်လိုအပ်ပြီး ယခု ၂၀၁၆ ခုနှစ် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာမည့်အချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပြီး အောက်ပါတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း အကြံပြုလိုပါတယ်-

(က) သောက်သုံးရေနှင့် စိုက်ပျိုးရေကို စနစ်တကျသုံးစွဲခြင်း၊

(ခ) ရေလှောင်ကန်တမံများရှိ ရေများကို မှန်မှန်ကန်ကန်အသုံးပြုစေခြင်း၊

(ဂ) အယ်လ်နီညိုဖြစ်စဉ်သက်ရောက်မှုကြောင့် အများဆုံးထိခိုက်နိုင်မည့် စားနပ်ရိက္ခာထုတ်လုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပေါ် အလေးထားစောင့်ကြည့်ခြင်း၊

(ဃ) အရေးပေါ်စားနပ်ရိက္ခာစီမံထားရှိခြင်း၊

(င) ခြောက်သွေ့သောရာသီဥတုနှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးရေးနည်းစနစ်များ စူးစမ်းရှာဖွေခြင်း၊

(စ) ရေပေးဝေစနစ်များ ချဲ့ထွင်ခြင်း၊

(ဆ) အပူဒဏ်ကြောင့်ဖြစ်ပေါ်လာမည့် ရောဂါများအတွက် ကြိုတင်ကာကွယ်ကုသနိုင်ရန် အစီအမံထားရှိခြင်း၊

(ဇ) မီးဘေးအန္တရာယ်ကျရောက်မှုကင်းရှင်းရန် ကြိုတင်ဆောင်ရွက်ထားရှိခြင်းတို့ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်၌ အယ်လ်နီညိုရာသီဥတုသက်ရောက်မှုကို သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးဖြစ်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားပါတယ်။ အယ်လ်နီညိုရာသီဥတုပြင်းထန်မှုကြောင့် ဖြစ်ပေါ်လာမည့် သစ်တောနှင့်လူနေအိမ်ခြေမီးလောင်မှုအန္တရာယ်၊ လွန်ကဲသည့်အပူဒဏ်အန္တရာယ်ကြောင့် ရေများခမ်းခြောက်ပြီး သောက်သုံးရေရှားပါးမှုအန္တရာယ်၊ ယခုနှစ်အတွင်း မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းတို့ တစ်ပြိုင်နက်ဖြစ်ပေါ်လာနိုင်ခြင်းနှင့် စိုက်ပျိုးရေးအခက်ကြုံမှု၊ ကျန်းမာရေးပြဿနာများစသည့်သဘာဝအန္တရာယ်များကို ကျွန်တော်တို့ ပြည်သူများ ကြုံတွေ့လာနိုင်ပါတယ်။

သို့ပါ၍ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူလူထုကြုံတွေ့ခံစားရမည့် ရေရှားပါးမှု၊ အပူချိန်ပြင်းထန်မှု၊ သောက်သုံးရေရှားပါးမှု၊ ကျန်းမာရေးပြဿနာများ၊ စားနပ်ရိက္ခာပြဿနာများနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းသော အရေးကြီး

အဆိုကို ထောက်ခံအကြံပြုသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာ့လူသားများဟာ ၂၁ ရာစုကာလမှာ ကမ္ဘာကြီးပူနွေးလာခြင်း၊ မြေထု၊ ရေထု၊ လေထုများ ညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာပျက်စီးယိုယွင်းလာခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်မှုများ ယိုယွင်းပျက်စီးခြင်း စတဲ့အန္တရာယ်များနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ကမ္ဘာကြီးရဲ့ပတ်ဝန်းကျင်အနေအထား ပျက်စီးပြောင်းလဲမှုဟာ ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ထိုမှတစ်ဆင့် ရာသီဥတုဖောက်ပြန်မှုကြောင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းများ၊ မြေငလျင်လှုပ်ခတ်ခြင်းများ၊ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပြုန်းတီးမှုများ၊ သစ်ပင်ပန်းမန်များနှင့် ကျေးဌက်တိရစ္ဆာန်များပါဝင်တဲ့ ဇီဝမျိုးစုံမျိုးကွဲ လျော့ပါးပျောက်ကွယ်မှုများ စတဲ့ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် ကမ္ဘာပေါ်မှာ သေကျေဆုံးရှုံးမှုကြီးမားတဲ့ သဘာဝဘေးအန္တရာယ်များကိုလည်း ခေတ်အဆက်ဆက် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ယနေ့အချိန်အခါဟာ သိသာထင်ရှားတဲ့ ဖြစ်ပေါ်လာနိုင်တဲ့ သက်ရောက်မှုများကတော့ မိုးခေါင်ရေရှားခြင်း၊ သဲမုန်တိုင်းများတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ အပူလှိုင်းများဖြစ်ပေါ်ခြင်း၊ ဟာရီကိန်း၊ ဆိုင်ကလုံး၊ တိုင်ဖုန်းမုန်တိုင်းများ တိုက်ခတ်ခြင်းနှင့် အပူပိုင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းများ တိုက်ခတ်ခြင်းနှင့် တောမီးလောင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလလယ်အတွင်း အီကွေတာအနီးရှိတဲ့ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာအရှေ့အလယ်ပိုင်းရဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ အားကောင်းတဲ့ အယ်လ်နီညို ဖြစ်ပေါ်နိုင်တဲ့အဆင့်ထိ ပူနွေးလျက်ရှိပါတယ်။ ခန့်မှန်းချက်များအရ အဲဒီ ပစိဖိတ်သမုဒ္ဒရာမှာ ၂၀၁၅-၂၀၁၆ ခုနှစ် ဒီဇင်ဘာ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ (၃)လ ပျမ်းမျှ ပင်လယ်ရေမျက်နှာပြင်အပူချိန်ဟာ အားအကောင်းဆုံး အယ်လ်နီညိုအဆင့်သို့ ရောက်ရှိအောင် ပူနွေးနိုင်တဲ့အတွက် ၁၉၅၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော အယ်လ်နီညိုဖြစ်စဉ်များအတွက် အားအကောင်းဆုံးဖြစ်တဲ့ ၁၉၇၂-၁၉၇၃၊ ၁၉၈၂-၁၉၈၃ ခုနှစ်တို့ထက် ပိုမိုအားကောင်းသော အယ်လ်နီညိုဖြစ်လာနိုင်ကြောင်း၊ အယ်လ်နီညိုဖြစ်စဉ်ဟာ ၂၀၁၆ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလ အထိ ဆက်လက်ပြီးဖြစ်ပေါ်နိုင်ပြီး တဖြည်းဖြည်းအားလျော့သွားနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသဌာနချုပ်၊ နိုင်ငံတကာမိုးလေဝသဌာနနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်အသိပေးထားကြောင်းသိရှိရပါတယ်။ ကမ္ဘာ့ရာသီဥတုမှတ်တမ်းများအရ ကမ္ဘာမြေရဲ့ အပူဆုံး ၁၀ နှစ်မှာ ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင်ဖြစ်ပြီး အပူဆုံးနှစ်မှာ ၂၀၁၅ ခုနှစ်ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ဟာ သမိုင်းမှာတွင်သော

တောမီးအလောင်ဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့သလို ၂၀၁၆ ခုနှစ်ကလည်း နှစ်တစ်ရာအတွင်း အားအကောင်းဆုံးအယ်လ်နီညိုနှစ်အဖြစ် မိုးလေဝသပညာရှင်များက သတ်မှတ်ထားပြီး အယ်လ်နီညိုရဲ့ ရာသီဥတုရဲ့သက်ရောက်မှုများကို မြန်မာနိုင်ငံမှာ စတင်ခံစားနေရပြီဖြစ်ပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် အလွန်အမင်းမိုးခေါင်ခြင်း၊ ရေကြီးခြင်းဟူတဲ့ အစွန်းတရားနှစ်ဖက်ကို ဖြစ်ပေါ်စေနိုင်ပါတယ်။ နောက်ဆက်တွဲပြဿနာများအဖြစ် အစာရေစာရှားပါးပြတ်လပ်ခြင်း၊ ရောဂါဘယများ ကျရောက်ခြင်း၊ အပူချိန်လွန်ကဲ၍ တောမီးလောင်ခြင်း စတဲ့ပြဿနာများနဲ့ ရင်ဆိုင်ရလေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၇-၁၉၉၈ ခုနှစ်၊ အယ်လ်နီညိုရာသီဥတုကြောင့် မြို့ကြီး ၁၈ မြို့မှာ အပူချိန်အမြင့်ဆုံးစံချိန်တင်ခဲ့ပြီး မြို့ကြီး ၁၅ မြို့မှာ မိုးရေချိန်အနည်းဆုံး စံချိန်များတင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ ၂၀၁၆ ခုနှစ် အယ်လ်နီညိုရာသီဥတုကြောင့် လာမယ့်နွေရာသီမှာ ယခင်နှစ်များကထက် ပို၍ပူပြင်းကာ မိုးကာလမှာလည်း မုတ်သုံလေအဝင်နောက်ကျပြီးတော့ မိုးခေါင်မှု၊ ရေရှားပါးမှုများ ဖြစ်ပေါ်လာဖွယ်ရှိနိုင်ပါတယ်။ နွေရာသီကာလအတွင်း အပူချိန်လွန်ကဲမှုကြောင့် ရေရှားပါးပြတ်လပ်မှုများ၊ အပူချိန်လွန်ရာမှ မီးလောင်မှုဖြစ်စဉ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များ အစာရေစာရှားပါးမှု ပြဿနာများအပြင် ကျန်းမာရေးထိခိုက်မှုပြဿနာများလည်း ပိုမိုကြုံတွေ့ရဖွယ်ရှိပါတယ်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ် ရင်ဆိုင်တွေ့ကြုံခဲ့ရတဲ့ နယ်မြေများအနေနဲ့ နေပြည်တော်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာ မီးလောင်ကျွမ်းမှုပေါင်း ၂၉ ကြိမ်၊ မိုးရွာ၊ ရေကြီး၊ လေပြင်းတိုက်ခတ်မှု ၂၇ ကြိမ် စုစုပေါင်း ၅၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေနဲ့ ငွေကျပ်သိန်းပေါင်း ၁၀၄၀.၅၆ သိန်းခန့်နှင့် လူ ၂၃ ဦး သေဆုံးပြီး ၇၂ ဦး ထိခိုက်ဒဏ်ရာရရှိသည်ကို သိရှိရပါတယ်။ ထို့အပြင် ယခုနှစ် နှစ်ဆန်းပိုင်းမှာပဲ ရန်ကုန်၊ မန္တလေး၊ နမ့်ဆန်၊ လပွတ္တာစတဲ့ မြို့ကြီးများအပါအဝင် တိုင်းနှင့်ပြည်နယ် နေရာအနှံ့အပြားမှာလည်း မီးများ ဆက်တိုက်လောင်ကျွမ်းလျက်ရှိတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အယ်လ်နီညိုရဲ့ဖြစ်စဉ်တွေမှာ တစ်ခါဖြစ်ရင် အနည်းဆုံး ၁၂ လခန့် ကြာမြင့်တတ်ပါတယ်။ အားအကောင်းဆုံးဟာ ဒီဇင်ဘာလမှာရှိတဲ့အတွက် အယ်လ်နီညိုရဲ့ ထိခိုက်မှု ရှေ့ ၆ လ၊ နောက် ၆ လ ကာလတွေမှာ ကြုံတွေ့ရတတ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ရဲ့ ဒုတိယ ၆ လအတွင်း အယ်လ်နီညိုထိခိုက်မှုကြောင့် ဩဂုတ်လမှာဖြစ်ခဲ့တဲ့ ရေကြီးမှုဟာ မြန်မာနိုင်ငံရှိ တိုင်းနှင့်ပြည်နယ် ၁၂ ခုမှာ ရေဘေးကြုံတွေ့ခဲ့ရပါတယ်။ ဒီဖြစ်စဉ်ဟာလည်း မြန်မာနိုင်ငံရဲ့ရေဘေး

သမိုင်းမှာ အဆိုးရွားဆုံးတစ်ခုဖြစ်ပါတယ်။ အခြားဒေသမှာတော့ မိုးခေါင်ခြင်းလည်း ကြုံတွေ့ရပါတယ်။ စိုက်ပျိုးသီးနှံများ ထုတ်လုပ်မှု၊ ထွက်ရှိမှုကို များစွာထိခိုက်မှုရှိခဲ့ပါတယ်။ အခုလောလောဆယ် အယ်လ်နီညိုရဲ့ ဒုတိယပိုင်းဖြစ်တဲ့ ၂၀၁၆ ခုနှစ်မှာ ဘာတွေဖြစ်မယ်ဆိုတာ သတိထားဖို့ အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ အဓိကအားဖြင့် ကဏ္ဍသုံးခုဖြစ်တဲ့ ရေရရှိမှု၊ စိုက်ပျိုးရေးနှင့်ကျန်းမာရေးတို့ကို ထိခိုက်မှုများ များပြားတတ်ပါတယ်။ လက်ရှိအခြေအနေမှာ နေရာတော်တော်များများမှာ ရေရှားပါးမှုကို တွေ့ကြုံနေရပါတယ်။ ရေအခက်အခဲကြောင့် စိုက်ပျိုးရေးကို တိုက်ရိုက်ထိခိုက်နိုင်ပါတယ်။ အယ်လ်နီညိုအားကောင်းတဲ့နှစ်မှာ ကူးစက်ပြန့်ပွားတတ်တဲ့ ဗိုင်းရပ်စ်ရောဂါပိုးတွေလည်း ပေါ်ပေါက်တတ်ပါတယ်။ ၁၉၁၈-၁၉၂၀ ခုနှစ်တုန်းက အားကောင်းတဲ့ အယ်လ်နီညိုဖြစ်တဲ့အခါမှာ ကမ္ဘာ့လူဦးရေ သန်း ၅၀ မှ သန်း ၁၀၀ လောက်အထိ သေကျေပျက်စီးခဲ့တဲ့ H1N1 ဗိုင်းရပ်စ်ပိုး ပေါ်ပေါက်ခဲ့ပါတယ်။ ဒီနှစ် ၂၀၁၅-၂၀၁၆ ခုနှစ်မှာလည်း မိုးခေါင်မှုဒဏ်ကို အမြဲတမ်းခံစားရတဲ့ ဘရာဇီးနိုင်ငံကစပြီးတော့ ဇီကာလို့အမည်ရှိတဲ့ ဗိုင်းရပ်စ်ပိုးတစ်ခု ထွက်ပေါ်ခဲ့ပါတယ်။ ဘရာဇီးနိုင်ငံမှာ အဲဒီဗိုင်းရပ်စ်ပိုးကူးစက်မှုဟာ ၁.၃ သန်းအထိ ရှိနေပြီဖြစ်ပါတယ်။ လက်ရှိနိုင်ငံပေါင်း ၂၅ နိုင်ငံထိ ပျံ့နှံ့နေပြီဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာလည်း ဒီလိုကာလတွေမှာ ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းဘေးမှ ကင်းလွတ်ရအောင် ကြိုတင်ကာကွယ်ပြင်ဆင်မှုများ အထူးလိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အားဖြင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် သက်ရောက်မှုများကြောင့် မြန်မာနိုင်ငံတွင် လူ့အဖွဲ့အစည်း၊ စီးပွားရေးနှင့်ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေနိုင်သည့်အတွက် လက်ရှိအခြေအနေဟာ အရေးကြီးအခြေအနေပင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း အဆိုတင်သွင်းသော ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံ ဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအရေးကြီးအဆိုအား လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မှူကြမ်း**

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသော ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမယ့် အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒီအရေးကြီးအဆိုကို ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၃၉၁ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၉ မဲနှင့် ကြားနေဆန္ဒမဲ ၁၈ မဲတို့ဖြစ်ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက သုံးပုံတစ်ပုံရှိတဲ့အတွက် ဒေါက်တာမောင်သင်း တင်သွင်းတဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမယ့် အယ်နီညို အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသော ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမယ့် အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ ဒီအရေးကြီးအဆိုကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်း အဝေး ဒသမနေ့ဖြစ်တဲ့ ၂၃-၂-၂၀၁၆ ခုနှစ်မှာ ဆက်လက်ဆွေးနွေးမှာဖြစ်တဲ့အတွက် ဆွေးနွေးလိုကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ ၂၂-၂-၂၀၁၆ ခုနှစ် (တနင်္လာနေ့) ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြပါရန် အသိပေးတင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်း ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ဆက်လက် ဆောင်ရွက်ပါမယ်။ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ပါဝင်မယ့်အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၁၉-၂-၂၀၁၆ ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်း

ခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည်မဲဆန္ဒနယ်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်အားလည်း ကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာခင်စိုးစိုးကြည် | ပြည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဒေါက်တာဒေါ်သန်းငွေ | တောင်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဒေါက်တာဦးခင်ဆောင် | ကျိုက်ထိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဒေါ်ခင်ညို | ဒေးဒရဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာဦးသန်းဝင်း | မြောက်ဥက္ကလာပမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးမြင့်ဦး | သနပ်ပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာဦးစိန်မြအေး | ဒလမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဒေါ်ဖြူဖြူသင်း | မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးစိုးပိုင်ဌေး | မြိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးစိုင်းဆမ် | မိုင်းယန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးအာမိုးဆီ | ခေါင်လန်ဖူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်သောင်းရွှေ | ဘူးသီးတောင်မဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (၁၃) | ဗိုလ်မှူးကြီးမြင့်ဟန် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှာ ပါဝင်မယ့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ ၁၉-၂-၂၀၁၆ ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးစိုးသူရထွန်း၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဒေါ်မြခ္ခာညိုဦး ရွှေတောင်မဲဆန္ဒနယ် အဖွဲ့ဝင်

| | | | |
|---|---|---|---|
| (၂) | ဦးနေထက်ဝင်း | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးရည်မွန် (ခ) မောင်တင်သစ် | ပုဗ္ဗသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးအောင်နိုင် (ခ) ဦးနိုင်ငံကျော် | မိုးကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး | ညောင်ရွှေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးမင်းနောင် | ပင်လည်ဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးသက်နောင် | လဟယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးမြတ်လေးဦး | ထီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးမန်းညွန့်သိန်း | ပန်းတနော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးဂျီဖုန်းဆားရ် | နောင်မွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဒေါ်နန်းခင်စော | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (၁၃) | ဗိုလ်မှူးချုပ်ဝင်းဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ တွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကိုလည်းကောင်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှာ ပါဝင်မယ့်အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ ၁၉-၂-၂၀၁၆ ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဦးကြည်မိုးနိုင် | ရေတာရှည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးအောင်သိုက် | ဆိပ်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးသန်းစိုးအောင် | ပျဉ်းမနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းဦးခမ်း | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးအုန်းခင် | ပုလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |

(၁၀) ဦးတင်အေး မက်မန်းမဲဆန္ဒနယ် အဖွဲ့ဝင်

(၁၁) ဦးနိုင်နိုင်ဝင်း တမူးမဲဆန္ဒနယ် အဖွဲ့ဝင်

(၁၂) ဦးဇော်ဝင်း ထန်းတပင်မဲဆန္ဒနယ် အဖွဲ့ဝင်နှင့်

(၁၃) ဗိုလ်မှူးကြီးအောင်မြင့် တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးကိုဆောင်ရွက်မှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ ကော်မတီဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးရမည်။

(ဃ) စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်။

(စ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြ စေခြင်းပြုနိုင်သည်။

၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

( ခ ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ် ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

( ဂ ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

( င ) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၇။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြောင်းအကျိုး ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရှိနေစဉ်၌ လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်၊

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းသိန်းဇော် | ဆားလင်းကြီးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးသက်လွင် | မြင်းခြံမဲဆန္ဒနယ် | အတွင်းရေးမှူး |
| | (ခ) ဦးပေါခင် | | |
| (၃) | ဦးအေးမင်းအောင် | ပေါင်းတည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| | (ခ) ဦးမင်းမင်း | | |
| (၄) | ဦးကျော်မျိုးမင်း | မိုးညိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးအောင်သန်းစိန် | ခန္တီးမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၇) | ဦးရဲလွင် | အလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဒေါက်တာဦးအေးနိုင် | သပိတ်ကျင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးအုန်းလွင် | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းထွတ် | ဖျာပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်ကျော်ကျော်ဦး | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်ခင်ဝင်း | မြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဦးဖိုးမောင် | ဖယ်ခုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဦးနီယာအုပ် | ဟားခါးမဲဆန္ဒနယ်နှင့် | အဖွဲ့ဝင်နှင့် |
| (၁၅) | ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေ | တပ်မတော်သားကိုယ်စားလှယ် တို့ဖြစ်ကြပါတယ်။ | |

ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီးမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးသက်လွင်(ခ)ဦးပေါခင်၊ မြင်းခြံမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆက်လက်ပြီး လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ကျွန်တော့်အနေနဲ့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းဆိုင်ရာပြဋ္ဌာန်းချက်များကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါ

တယ်။ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့ လွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်-

**ကော်မတီ၏သက်တမ်း**

ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှု အခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

ကော်မတီသည် -

(က) လျှပ်စစ်နှင့် စွမ်းအင်မူဝါဒများ ချမှတ်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှု ဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ရမည်။

(ခ) လျှပ်စစ်နှင့် စွမ်းအင်များ ထုတ်လုပ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေး ကြိုတင်ဆောင်ရွက်ထားခြင်းရှိ/မရှိ အလေးထားစိစစ်ရမည်။

(ဂ) လျှပ်စစ်နှင့်စွမ်းအင်များ ထုတ်ယူသုံးစွဲရာတွင် ပြည်တွင်းသုံးစွဲမှုကို ဦးစားပေးကူညီ ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်တွင် လျှပ်စစ်ကဏ္ဍလိုအပ်ချက်များ ပြည့်မီဖူလုံရေးကို ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး အတွက် ကူညီဆောင်ရွက်ရမည်။

(င) ကျေးလက်ဒေသများတွင် ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးအတွက် နည်းပညာနှင့် ငွေကြေး ဆိုင်ရာ ပံ့ပိုးကူညီမှုများရရှိရန် ကူညီဆောင်ရွက်ရမည်။

(စ) ကျေးလက်ဒေသများတွင် စွမ်းအင်သုံးစွဲရာ၌ ရေရှည်တည်တံ့ခိုင်မြဲပြီး သဘာဝပတ်ဝန်း ကျင်ကို ထိခိုက်မှုနည်းပါးသော သုံးစွဲနည်းစနစ်ဖွံ့ဖြိုးစေရန် ကူညီဆောင်ရွက်ရမည်။

(ဆ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေ များကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော် သို့ တင်ပြရမည်။

(ဇ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဈ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနဲ့ ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိသူများအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း၊ ဖိတ်ကြား၍၊ ကြားနာခြင်း၊ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင်ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းနှင့်အတူ ပူးတွဲ၍ အမှတ်တွဲအဖြစ်တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီကျင်းပရမည်။ ကော်မတီက အစီရင်ခံစာတင်ပြချက်နှင့်စပ်လျဉ်း၍

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီ ဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန်အဆိုတင်သွင်းရမည်။

**ကော်မတီဝင်များသည်-**

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

ကော်မတီဝင်များသည် ကော်မတီ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပိုင် ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဆိုင်ရ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်ဦး | ကျောက်တံခါးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် | အတွင်းရေးမှူး |
| ၃။ | ဦးသာအောင် | မြို့သစ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၄။ | ဦးဌေးဝင်း | တာချီလိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၅။ | ဦးကြည်မိုးနိုင် | ရေတာရှည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၆။ | ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် | အမရပူရမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၇။ | ဦးအေးဝင်း | အင်္ဂပူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၈။ | ဒေါက်တာဦးဇော်ဝင်းမြင့် | စဥ့်ကူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၉။ | ဦးမြင့်ဟန်ထွန်း | ဘုတလင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၀။ | ဦးသန်းထွန်းမြင့် | ကလေးဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၁။ | ဦးမြင့်ဦး | မကွေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၂။ | ဦးလီကျိန်ဖူး(ခ)ဦးမြင့်ဆွေ | ကုန်းကြမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၃။ | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၄။ | ဦးဉာဏ်ဟိန်း | သံဖြူဇရပ်မဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| ၁၅။ | ဒုတိယဗိုလ်မှူးကြီးမြဦး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ဦး ကျောက်တံခါးမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးတင်ထွန်းနိုင် ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန် မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၀၀ နာရီအချိန် တွင်ရပ်နားပါသည်။]

**မှူကြမ်း**